# လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာ

## မြန်မာနိုင်ငံ

အတွဲ ၂ | ဖေဖော်ဝါရီ ၂၀၁၄

OCHA

ဤစာစောင်တွင်

ရခိုင်ပြည်နယ်တွင် MSF လုပ်ငန်းများ ရပ်ဆိုင်း စာ-၁
ရခိုင်ပြည်နယ်မှ ဆန္ဒပြမှုနှင့် တင်းမာမှုများ စာ-၂
ကူညီထောက်ပံ့မှုများအား ပိုမို ထိရောက်စေခြင်း စာ-၃
ကချင်ပြည်နယ်မှ ဒေသဖြတ်ကျော် ခရီးစဉ်များ စာ-၄
CERF ရန်ပုံငွေမှ ဒေါ်လာ ၅.၅သန်း ထောက်ပံ့ စာ-၅



ဆတ်ရိုးကျ IDP စခန်း၊ ရခိုင်ပြည်နယ်၊ ၂၀၁၃
ဓါတ်ပုံ- IRIN/Longstreath

## အဓိကအချက်များ

- MSF လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြီးနောက် ရခိုင်ပြည်နယ်တွင် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ပိုမို အားနည်းလာ၊ အန္တရာယ် ကျရောက်လွယ်သူ များစွာ အတွက် စိုးရိမ်ဖွယ်ရာဖြစ်။
- လူမှုအသိုင်းအဝိုင်းကြား တင်းမာမှုများ အကြားတွင် အကူအညီပေးသော ဝန်ထမ်းများအပေါ် ဆန့်ကျင် ဆန္ဒပြမှုများ ရခိုင် ပြည်နယ်တွင် ဆက်လက် ဖြစ်ပေါ်။
- ကူညီထောက်ပံ့မှုများ၏ ထိရောက်မှုအပေါ်လက်ခံရရှိသူ များဖက်မှ အမြင်ကို သုတေသန ပြုလုပ်ခြင်း။
- ကချင်ပြည်နယ်တွင် ဒေသ ဖြတ်ကျော် ခရီးစဉ်များ မှတဆင့် ကူညီထောက်ပံ့မှု များ ဆက်လက် ပေးပို့လျက်ရှိ၊ IDP များထံ စဉ်ဆက်မပြတ် ရောက်ရှိနိုင်ခွင့် ရရှိနေရန်လိုအပ်။
- ကချင်ပြည်နယ်တွင် မြေမြှုပ်မိုင်း အန္တရာယ် လျှော့ချရေး ပညာပေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်။

## ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ်

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ | ၁၁၀,၀၀၀ |
| အခြားနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၂၈,၀၀၀ |

### ကချင်ပြည်နယ်

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ | ၈၁,၀၀၀ |
| အခြားနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၀,၀၀၀ |
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းသို့ ထပ်မံ ရောက်ရှိလာသူဦးရေ (၂၀၁၃ နိုဝင်ဘာ) | ၂,၀၀၀ |

ကိုးကား - UNHCR, OCHA, CCCM

## နယ်စည်းမခြား ဆရာဝန်များ အဖွဲ့ (MSF/Holland) ၏ လုပ်ငန်းများ ရခိုင်ပြည်နယ်တွင် ရပ်ဆိုင်း

ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် ရခိုင်ပြည်နယ် အစိုးရမှ နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (MSF/Holland) အား ရခိုင်ပြည်နယ်တွင်းရှိ လုပ်ငန်းများ ရပ်ဆိုင်းရန် ညွှန်ကြားခဲ့သည်။ အပြန်အလှန် နားလည်မှုဆိုင်ရာ သဘောတူညီချက် သက်တမ်းကုန်ဆုံးခြင်း၊ နယ်စည်းမခြား ဆရာဝန်များအဖွဲ့အား ဒေသခံလူထုမှ ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည်တို့ကြောင့် လုပ်ငန်းများ ရပ်ဆိုင်းရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အဆိုပါ ညွှန်ကြားချက် အတိုင်း ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် နယ်စည်းမခြား ဆရာဝန်များ အဖွဲ့သည် ရခိုင်ပြည်နယ်တွင် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီး ပြည်ထဲရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ သို့သော် မတ်လ ၃ရက်နေ့တွင် ရခိုင်ပြည်နယ် မှလွဲ၍ အခြားဒေသများတွင် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ကြောင်း နယ်စည်းမခြား ဆရာဝန်များ အဖွဲ့ကို ပြန်လည် ခွင့်ပြုခဲ့သည်။ ရခိုင်ပြည်နယ်တွင် လုပ်ငန်းများအား ရပ်ဆိုင်းခြင်းသည် ယာယီသာ ဖြစ်ကြောင်း နိုင်ငံတော် အစိုးရမှ ဆက်လက်ထုတ်ပြန် ကြေညာ ခဲ့သည်။ ယခုအခါ နယ်စည်းမခြား ဆရာဝန်များ အဖွဲ့သည် ရခိုင်ပြည်နယ်တွင် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့် ရရှိနိုင်ရန်အတွက် ပြည်နယ် အစိုးရ တာဝန်ရှိသူများနှင့် ဆက်လက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။



ဆင်တက်မော် IDP စခန်းမှ MSF ဝန်ထမ်းများ။ ရခိုင်ပြည်နယ်၊ ၂၀၁၃ ခုနှစ်။
ဓါတ်ပုံ - MSF

နယ်စည်းမခြား ဆရာဝန်များ အဖွဲ့သည် ရခိုင်ပြည်နယ်ရှိ လိုအပ်ချက် အရှိဆုံးနှင့် လက်လှမ်းမီရန် အခက်ခဲဆုံး ဖြစ်သော ဒေသခံလူထုများ အတွက် ကူညီထောက်ပံ့မှု များကို ၁၉၉၄ ခုနှစ်မှ စတင် ပေးအပ်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် နယ်စည်းမခြား ဆရာဝန်များ အဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ဆွေးနွေး ကုသမှုပေါင်း ၄၀၀,၀၀၀ကျော်နှင့် အရေးပေါ်ကုသမှုဆိုင်ရာ လွှဲပြောင်းမှုပေါင်း ၂,၉၀၀ တို့ကို ရခိုင်ပြည်နယ်ရှိ မြို့နယ် ၈-ခုတွင် ပြုလုပ်ခဲ့သည်။ နယ်စည်းမခြား ဆရာဝန်များ အဖွဲ့သည် အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊

မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှု၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မီးဖွားပြီးစ မိခင်များ အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ငှက်ဖျားနှင့် တီဘီရောဂါ ကုသမှု၊ ခုခံအားကျဆင်းမှု ရောဂါ အတွက် စောင့်ရှောက်ကုသမှု စသည့် လုပ်ငန်းစဉ်များ မှတဆင့် ရခိုင်ပြည်နယ်မှ လူဦးရေ ၅သိန်းကျော် အတွက် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ယနေ့အထိ လူဦးရေ တစ်သန်းကျော်ကို ငှက်ဖျားရောဂါ ကုသမှုများ ပြုလုပ်ခဲ့သည်။

နယ်စည်းမခြား ဆရာဝန်များအဖွဲ့သည် ရခိုင်ပြည်နယ်တွင် ဝန်ထမ်းဦးရေ ၅၀၀ကျော် ရှိပြီး ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာ ကျန်းမာရေး ထောက်ပံ့မှုကဏ္ဍ၏ ၆၀ရာခိုင်နှုန်းကို တာဝန်ယူ ဆောင်ရွက်ပေးသည်။ ကုလသမဂ္ဂ အဖွဲ့အစည်း အနေနှင့် နယ်စည်းမခြား ဆရာဝန်များအဖွဲ့၏ လုပ်ငန်းများ ယာယီ ရပ်ဆိုင်းရခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအပေါ် စိုးရိမ်ပူပန်ကြောင်း၊ ကူညီထောက်ပံ့မှုများ ယခုထက် ပိုမိုအားနည်းကာ ရခိုင်ပြည်နယ်ရှိ အန္တရာယ် ကျရောက်လွယ်သူများ အတွက် ပိုမိုခက်ခဲလာနိုင်မည့် အခြေအနေကို စိုးရိမ်ပူပန်ကြောင်းကို နိုင်ငံတော်အစိုးရထံ အသိပေး တင်ပြခဲ့သည်။ နယ်စည်းမခြား ဆရာဝန်များ အဖွဲ့၏ နှစ်ပေါင်းများစွာ လုပ်ငန်းအတွေ့အကြုံအပေါ် အခြေခံထားသော ကျယ်ပြန့်နက်နဲသည့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ချက်ချင်း အစားထိုး ဝင်ရောက် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိနိုင်ကြောင်းကို နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများမှ တင်ပြခဲ့သည်။

## ဆန္ဒပြမှုများနှင့် တင်းမာမှုများ ရခိုင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွား

ရခိုင်ပြည်နယ်တွင် တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် နေရပ်စွန့်ခွာစခန်းတွင် နေထိုင်သူများ နှင့် လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံထားရသူတို့သည် အခြေခံ ဝန်ဆောင်မှုများ ရရှိရန် နှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲလျက်ရှိသည်။

ရခိုင်လူမျိုး နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့၏ လိုအပ်ချက်များအား လုံလောက်စွာ ဖြည့်ဆည်းပေးခြင်း မရှိသဖြင့် ဒေသခံလူထုမှ နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုအဖွဲ့များအပေါ် မကျေနပ်ကြောင်း ဆန္ဒဖော်ထုတ်မှုများ ပိုမိုပြုလုပ်ခဲ့သည်။ လူသားချင်း စာနာမှုဆိုင်ရာ ဝန်ထမ်းများ အပေါ် ခြိမ်းခြောက်မှုများလည်း ကြုံတွေ့ခဲ့ရသည်။

အထူးသဖြင့် မြေပုံမြို့နယ်တွင် ဆန့်ကျင်တင်းမာမှုများ ပြင်းထန်လျက်ရှိသည်။ ဖေဖော်ဝါရီလတွင် မြေပုံမြို့နယ်ရှိ နိုင်ငံတကာအဖွဲ့အစည်း တစ်ခုမှ ပြည်တွင်းဝန်ထမ်းအချို့သည် ဒေသခံတို့၏ ခြိမ်းခြောက်မှုနှင့် ဖိအားပေးမှုတို့ကြောင့် အလုပ်မှ နှုတ်ထွက်ခဲ့သည်။ အဆိုပါအဖွဲ့အစည်း၏ လုပ်ငန်းများလည်း ရပ်ဆိုင်း သွားခဲ့ရသည်။ ဖေဖော်ဝါရီလကုန်တွင် အဖွဲ့အစည်းကို မြေပုံမြို့နယ်မှ ထွက်ခွာရန် ဒေသခံတို့မှ တောင်းဆိုခဲ့သည်။ မြောက်ဦးနှင့် ပေါက်တောတို့တွင်လည်း နိုင်ငံတကာ အဖွဲ့အစည်းများ ထွက်ခွာရန် တောင်းဆိုသည့် စာများဖြန့်ဝေခဲ့သည်။

ဖေဖော်ဝါရီလတွင် နိုင်ငံတကာအဖွဲ့အစည်းများကို ကန့်ကွက်ဆန္ဒပြမှုများ စစ်တွေ၊ မင်းပြား၊ မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း စသည့် ရခိုင်ပြည်နယ် နေရာအနှံ့တွင် ဖြစ်ပေါ်ခဲ့ပြီး အချို့ဆန္ဒပြပွဲများသည် နယ်စည်းမခြား ဆရာဝန်များ အဖွဲ့ကို ဦးတည်ကန့်ကွက်ခဲ့သည်။ ဆန္ဒပြသူများသည် ၁၉၈၂ နိုင်ငံသားဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ယာယီနိုင်ငံသား ကဒ်ပြား ကိုင်ဆောင်ထားသူများ မဲပေးခွင့်ကို ပယ်ဖျက်ရေး စသည်တို့ကို တောင်းဆိုခဲ့သည်။

ရခိုင်ပြည်နယ် အစိုးရ တာဝန်ရှိသူတို့မှ နိုင်ငံတကာ အဖွဲ့အစည်းများအား လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် နှင့် အမြင်မှားများ မဖြစ်ပေါ်စေရန် အတွက် ပြည်နယ်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူတို့နှင့် ပိုမိုပူးပေါင်း ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။

ဖေဖော်ဝါရီလတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး ရခိုင်ပြည်နယ် ဖဟိုညှိနှိုင်းရေး ကော်မတီ အဖွဲ့ဝင်များ ပါဝင်သော အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်း ပူးတွဲအဖွဲ့သည် လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများအား သွားရောက် လေ့လာပြီး ဒေသခံလူထုခေါင်းဆောင်များနှင့် တွေ့ဆုံကာ အပြန်အလှန် နားလည်မှု နှင့် ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။

## ကူညီထောက်ပံ့မှုများ ပိုမို ထိရောက်စေရန် လက်ခံရရှိသူတို့၏ အမြင်ကို လေ့လာခြင်း

ကူညီထောက်ပံ့မှုများ ပိုမို ထိရောက်စေရန် လက်ခံရရှိသူများဖက်မှ အမြင်ကို သုတေသန စီမံချက်အသစ် နှင့် လေ့လာလျက် ရှိသည်။

ဖေဖော်ဝါရီလတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သူများအဖွဲ့ (Collaborative Development Associate - CDA) ၏ "အကူအညီ လက်ခံရရှိသူတို့၏ အသံ စီမံချက်" (Listening Project) မှ ဝန်ထမ်းများသည် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ် များသို့ သွားရောက်ခဲ့သည်။ အဆိုပါ စီမံချက်သည် CDA နှင့် UNOCHA ပူးပေါင်းကာ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ ၅-နိုင်ငံတွင် ပြုလုပ် နေသော သုတေသန စီမံချက်ဖြစ်ပြီး ကူညီထောက်ပံ့မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် သိရှိရန် လိုအပ်မည့် အချက်အလက်များကို အကူအညီ ရရှိသူတို့ထံမှ ပြန်လည်ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်း ဖြစ်သည်။

CDA အဖွဲ့သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်နှင့် အနီးတဝိုက်ရှိ ကျေးလက်ဒေသများသို့ သွားရောက် လေ့လာခဲ့သည်။ အကူအညီ လက်ခံရရှိသူတို့နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးများတွင် ကူညီ ထောက်ပံ့မှု ဆိုင်ရာ အဖွဲ့အစည်းများမှ သတင်းအချက်အလက် ထုတ်ပြန်မှု အားနည်းခြင်းကြောင့် အဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှုအပေါ် မယုံကြည်မှုများ ဖြစ်ပေါ်လာစေ ကြောင်းကို ဖြေကြားခဲ့ ကြသည်။ အထူးသဖြင့် ရခိုင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများမှ ဖြေကြားမှု များတွင် မညီမျှမှုနှင့် တရားမမျှတမှုများ အကြောင်းကို ထည့်သွင်းဖြေကြားခဲ့ကြသည်။

CDA ၏ ကနဦး အကြံပြုချက်များမှာ ကူညီထောက်ပံ့မှုဆိုင်ရာ အဖွဲ့အစည်းများမှ ထောက်ပံ့မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပိုမို ထုတ်ပြန်ခြင်း၊ အထောက်အပံ့ လက်ခံရရှိသူများ၏ တုန့်ပြန်မှုများ အပေါ်မူတည်၍ ကူညီထောက်ပံ့မှုများအား ဖြည့်ဆည်းပေးခြင်း၊ အထောက်အပံ့ လက်ခံရရှိသူများနှင့် ကူညီထောက်ပံ့သည့် အဖွဲ့အစည်းများအကြား နှစ်ဦးနှစ်ဖက် တွေ့ဆုံ ဆွေးနွေးမှု များ ပိုမိုပြုလုပ်ခြင်း စသည်တို့ဖြစ်သည်။ ကူညီထောက်ပံ့မှု ပေးအပ်ရာတွင် ဘက်လိုက်မှုရှိသည် ဟူသော အမြင်များလျော့ပါးစေရန် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များ အနေနှင့် လူထုနှင့် အပြ သဘောဆောင်သည့် ဆက်နွယ်မှုကို ရရှိထားသော ထောက်ခံမှုကို ပိုမိုရရှိထားသော ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ကူညီထောက်ပံ့မှု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုပြုလုပ်သင့်ကြောင်း၊ ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ အကြောင်း ယခုထက် ပိုမိုကျယ်ပြန့်စွာ သတင်း ထုတ်ပြန်သင့်ကြောင်း အကြံပြု ခဲ့သည်။

CDA အဖွဲ့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ် သို့ လည်း သွားရောက်လေ့လာခဲ့သည်။ ဒေသခံ အဖွဲ့ အစည်းများ၏ အခန်း ကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်း များနှင့် ပူးပေါင်း ဆောင်ရွက်မှု စသည်တို့ကို ဆွေးနွေးခဲ့သည်။ ဒေသခံ



ဂျာယန် IDP စခန်း၊ ကချင်ပြည်နယ်၊ ဖေဖော်ဝါရီ ၂၀၁၄။ ဓါတ်ပုံ-OCHA


အဖွဲ့အစည်းများ သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ထံမှ ကျွမ်းကျင်မှုနှင့် နည်းပညာ ထောက်ပံ့မှု ဆိုင်ရာ အကူအညီများ ရရှိမှုအပေါ် အသိအမှတ်ပြုခဲ့ပြီး၊ နိုင်ငံတကာ အဖွဲ့အစည်းများ အနေနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ပေးရန်နှင့် သတင်း အချက်အလက်များ ပိုမိုဖလှယ်ပေးရန် တင်ပြခဲ့သည်။

## ကချင်ပြည်နယ် အစိုးရထိန်းချုပ်မှု ပြင်ပဒေသများသို့ ဒေသ-ဖြတ်ကျော် ကူညီထောက်ပံ့မှုခရီးစဉ်များ ဆက်လက်ရောက်ရှိ

ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုသည် ကာလကြာရှည်လာပြီး မူရင်းဒေသများမှ စွန့်ခွာခဲ့ ရသည်မှာ ၃-နှစ်ခန့် ရှိခဲ့ပြီ ဖြစ်သည်။

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လမှ စတင် ဖြစ်ပွားခဲ့သော ကချင်လွတ်မြောက်ရေး အဖွဲ့ နှင့် အစိုးရ တပ်ဖွဲ့များ အကြား ပဋိပက္ခ တို့ကြောင့် လူဦးရေ ၁၀၀,၀၀၀ ခန့် နေရပ်မှစွန့်ခွာ တိမ်းရှောင်ခဲ့ ရသည်။ လူဦးရေ ၅၀,၀၀၀ ကျော်ခန့်မှာ အစိုးရ ထိမ်းချုပ်မှု ပြင်ပဒေသများတွင် နေထိုင်ကြ သည်။ လွန်ခဲ့သောလများတွင် နိုင်ငံတကာ အဖွဲ့အစည်း များ အနေနှင့် အစိုးရ ထိန်းချုပ်မှုပြင်ပ ဒေသများသို့ ပိုမိုရောက်ရှိ နိုင်ခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်မှု ကာလ ၃-နှစ်ခန့်အထိ ကြာမြင့်ခဲ့ပြီ ဖြစ်သည့် အတွက် ဒေသခံ အဖွဲ့အစည်းများနှင့် လက်ခံစောင့်ရှောက် ထားသူ မိသားစုများ တို့၏ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် ကူညီထောက်ပံ့မှုများ ကို အားဖြည့်ပေးရန် လိုအပ်နေသည်။

IDPs IN AREAS BEYOND GOVERNMENT CONTROL REACHED BY CROSS-LINE MISSIONS IN 2013-2014




အစိုးရ ထိန်းချုပ်မှုပြင်ပ ဒေသများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ အခြေခံ လိုအပ်ချက်များကို ဒေသခံ အဖွဲ့အစည်းများမှ အဓိက ဖြည့်ဆည်းပေးသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒေသခံ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်မှု များ တိုးမြှင့်ပြီး ပံ့ပိုးမှုများ ပိုမိုပြုလုပ်ပေးရန် လိုအပ်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာလမှ စတင်၍ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များသည် အစိုးရ ထိန်းချုပ်မှု ပြင်ပဒေသများသို့ သွားရောက်ခွင့် ပိုမိုရရှိခဲ့သည်။ ၂၀၁၃ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ အထိ ဒေသ-ဖြတ်ကျော် ကူညီထောက်ပံ့မှု ခရီးစဉ် ၂၁-ကြိမ် သွားရောက်ခွင့်ရခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ထောင်ပေါင်းများစွာ တို့အတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခြင်း၊ ဒေသခံ အဖွဲ့အစည်းတို့အား ကူညီပံ့ပိုးခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်။ သို့သော် လိုအပ်ချက်များစွာ ဖြည့်ဆည်းပေးရန် ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ကြောင်းကို လေ့လာဆန်းစစ်မှုများ မှတဆင့် တွေ့ရှိရသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက် အဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်မှုပြင်ပ ဒေသရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများထံ ယခုထက် ပိုမိုရောက်ရှိကာ ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရန် အတွက် နိုင်ငံတော် အစိုးရအား တင်ပြ ဆွေးနွေးလျက်ရှိသည်။

## မြေမြုပ်မိုင်း အန္တရာယ်လျော့ပါးမှု ပညာပေးလုပ်ငန်းများ ကချင်ပြည်နယ်တွင် တိုးမြှင့်ဆောင်ရွက်

မြေမြုပ်မိုင်းများသည် နေရင်းဒေသသို့ ပြန်လည် အခြေချလိုသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် အဓိက အန္တရာယ်ဖြစ်သည်။

ဖေဖော်ဝါရီလတွင် ကချင်ပြည်နယ် လူမှုရေးရာ ဝန်ကြီးဌာန မှဦးစီး ဆောင်ရွက်ပြီး UNICEF မှ ပံ့ပိုးပေးမည့် မြေမြုပ်မိုင်း အန္တရာယ်လျော့ပါးမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပြည်တွင်း နှင့် နိုင်ငံတကာမှ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးပြီး နောက် မြေမြုပ်မိုင်း အန္တရာယ် လျော့ပါးမှုဆိုင်ရာ ပညာပေး လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲခဲ့ပြီး ကချင်ပြည်နယ် အစိုးရမှ အတည်ပြုပေးခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နေရင်းဒေသသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည် အခြေချနိုင်ရန်အတွက် မြေမြုပ်မိုင်း အန္တရာယ် လျော့ပါးမှုဆိုင်ရာ ပညာပေးခြင်းသည် အရေးပါသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

မတ်လတွင် UNICEF, Danish Church Aid and the Danish Refugee Council/Danish Demining Group (DRC/DDM) တို့မှ ဗန်းမော်နှင့် မြစ်ကြီးနား တဝိုက်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် လေ့လာဆန်းစစ်မှုများ ပြုလုပ်ကာ မြေမြုပ်မိုင်းအန္တရာယ် အများဆုံး ကျရောက်နိုင်ဖွယ် ရှိသူများကို ခွဲခြား ဖော်ပြပေးမည် ဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များက ထိုသို့ ဖော်ပြထားသူများအတွက် ဦးတည်ကာ သတင်းအချက်အလက်များကို ထုတ်လုပ်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ DRC/DDM မှ ကချင်ပြည်နယ် တောင်ပိုင်းရှိ မြေမြုပ်မိုင်း အန္တရာယ်ရှိသော ဒေသများသို့ အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ပြီး မြေမြုပ်မိုင်း အန္တရာယ်ရှိ သော အခြားဒေသများသို့လည်း လိုအပ်ပါက အလျင်အမြန် စေလွှတ်သွားမည်ဖြစ်သည်။

## ကုလသမဂ္ဂမှ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၈၀,၀၀၀ဦး အတွက် ဒေါ်လာ ၅ဒသမ၅ သန်း ထောက်ပံ့

ကုလသမဂ္ဂ အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ ဗဟိုရန်ပုံငွေ - The UN Central Emergency Response Fund (CERF) - မှ ကုလသမဂ္ဂအဖွဲ့များ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံချက် ၁၀-ခုအတွက် ဒေါ်လာ ၅ဒသမ ၅သန်းကို ထောက်ပံ့ခဲ့သည်။ အဆိုပါ ရန်ပုံငွေသည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၁၈၇,၀၀၀ ဦးနှင့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၉၃,၀၀၀ ဦး တို့အတွက် လူသားချင်းစာနာမှု ဆိုင်ရာ ကူညီထောက်ပံ့မှု စီမံချက်များအတွက်ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့များမှ ရရှိလာသည့် ရန်ပုံငွေ အနက်မှ ဒေါ်လာ ၂ ဒသမ ၅သန်းကို ပြည်တွင်းနှင့် ပြည်ပ အန်ဂျီအိုများအား ပြန်လည် ပေးအပ်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂ အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ ဗဟိုရန်ပုံငွေကို ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၀၀,၀၀၀ဦး အတွက် အစားအသောက်များ၊ ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၅,၀၀၀ ဦး အတွက် နေရာထိုင်ခင်း အသစ်များ၊ သန့်ရှင်းသောရေနှင့် အသုံးပြုရန် အိမ်သာများ၊ ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူနှင့် ကူညီ စောင့်ရှောက်ထားသူ ၇,၇၀၀ ဦး တို့အတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ စသည်တို့အတွက် အသုံးပြုသွားမည်ဖြစ်သည်။

ထို့အပြင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ အခြေခံကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခြင်း၊ ရခိုင်ပြည်နယ်ရှိ အာဟာရချို့တဲ့နေသော ကလေး ၆၀,၀၀၀ဦး အတွက် အာဟာရဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်ရှိ ကလေး ၃,၉၀၀ဦး အတွက် မူလတန်းလွန် ပညာရေး သင်ကြားနိုင်ရန် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအတွက်လည်း အသုံးပြုသွားမည်ဖြစ်သည်။ ကချင်ပြည်နယ် နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအပြင် အရပ်သားများအတွက် အကာအကွယ်ပေးရေး ဆိုင်ရာ လုပ်ငန်းစဉ်များတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။


**ထပ်မံသိရှိလိုပါကဆက်သွယ်ရန်**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။